# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# [ ၁၇- ၇ - ၂၀၁၂ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ရုရှားသမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် သဘာဝရေဘေးအန္တရာယ်သင့်မှုအတွက် အမျိုးသားလွှတ်တော်အနေနှင့် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ရန် အကြံပြုတင်ပြချက်ကို အမျိုးသားလွှတ်တော်၏ သဘောထား ရယူခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ပြဋ္ဌာန်းပြီးဖြစ်သည့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဥပဒေနှင့် မြေလွတ်မြေလပ်မြေရိုင်းများ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေများ၏ နည်းဥပဒေများ ထုတ်ပြန်ရန် မည်သည့်အကြောင်းကြောင့် ကြန့်ကြာနေသည်၊**

**မည်သည့်အချိန်တွင် ထုတ်ပြန်ပေးနိုင်မည်၊ ဥပဒေနှင့်အညီ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး အသစ်များကို မည်သည့်အချိန်တွင် ရွေးချယ်တာဝန်ပေးအပ်နိုင်မည်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ပြည်တွင်းစက်သုံးဆီဈေး ကမ္ဘာ့ဈေးထက် များစွာမြင့်တက်နေခြင်းအတွက် စက်သုံးဆီအရောင်းဆိုင်များတွင်နိုင်ငံတကာဈေးနှုန်းထက် ဈေးနှုန်းကွာဟချက်ကြီးမားနေသည့်အပေါ် အရေးယူဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် **စွမ်းအင်ကဏ္ဍတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တစ်ခုချင်းစီအလိုက် ရင်းနှီးမြှုပ်နှံခွင့်ပြုထားသည့် ကာလအပိုင်းအခြားနှင့် နှစ်အလိုက် ရရှိသည့် ဝင်ငွေအကျိုးအမြတ်တို့ကို ပြည်သူတို့အား တိကျစွာ ထုတ်ပြန်အသိပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **သံဖြူဇရပ်မြို့နယ်၊ ဖောင်စိန်ကျေးရွာကို မြို့ပေါ်ရပ်ကွက်အဖြစ် ပြောင်းလဲပေးနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနပိုင် ရော်ဘာပင်များ ခုတ်လဲရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **မန္တလေးတိုင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ စဉ့်ကူကျေးရွာအုပ်စုရှိ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် **မြင်းကပါကျေးရွာရှိ အလယ်တန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် (၁၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။